# နိဒါန်း

ဈေးကစားနည်းနှစ်မျိုးရှိသည်။လောင်းကစားစိတ်ဓါတ်ဖြင့်လုပ်နည်းနှင့်စနစ်တကျလုပ်နည်းတို့ဖြစ်သည်။

Trading လုပ်လျှင်ချက်ချင်းသူဌေးဖြစ်နိုင်သည်ဟု Brainwash အလုပ်ခံထားရသူများကလောင်းကစားနည်းကိုလိုက်ကြသည်။ ကျွန်တော့်မိတ်ဆွေတစ်ယောက်ဒေါ်လာတစ်သောင်းအကောင့်ဖွင့်ပြီးရေနံနှင့်ရွှေကစားရာ နှစ်လအတွင်းတွင် ဒေါ်လာသုံးသိန်းအမြတ်ရလေသည်။ သုံးလမြောက်တွင် အမြတ်ငွေသုံးသိန်းအပြင် အရင်းဒေါ်လာတစ်သောင်းပါတက်တက်ပြောင်သွားသည်။ စိတ်ဒဏ်ရာရသွားသည်။ သုံးလအတွင်း ၁၀၀ ရာခိုင်နှုန်းရှုံးသည်ဟုပြောနိုင်သည်။

ကျွန်တော်၏သင်တန်းသားတစ်ဦးဒေါ်လာတစ်ထောင်အကောင့်ဖွင့်ပြီးခြောက်လကစားသည်။ ဒေါ်လာသုံးရာအမြတ်ရသည်။ သူ၏ Draw-down သည် 10% ထက်မပိုပါ။ တစ်လကိုပျမ်းမျှ 5% အမြတ်ရသည်။ တစ်နှစ်ဆိုလျှင် 60% ဖြစ်သည်။ Pro Level ဖြစ်သည်။ သူ၏လက်ရည်အတိုင်းအကောင့်ကြီးကြီးကိုထိန်းနိုင်လျှင် လုပ်စားရပါပြီ။

Trade လုပ်ရာတွင်အဘယ်ကြောင့်နိုင်သူနည်းပြီးရှုံးသူများရသနည်း။ လောဘကြောင့်ဖြစ်သည်။လောဘဇောတက်နေသူတို့ကိုဆွဲဆောင်ရတာလွယ်သည်။ ပွဲစားများကမက်လုံးလေးပေးလိုက်သည်နှင့်ကျော့ကွင်းထဲဝင်တိုးတော့သည်။ဖုန်းလေးတစ်လုံးကိုင်ပြီးရောင်းလိုက်ဝယ်လိုက်လုပ်တော့သည်။ သူတို့ကများများနိုင်လေများများမြတ်လေဟုထင်သည်။



အမှန်ကများများနိုင်လေအကျိုးရှိလေဖြစ်ရသည်မှာ ပွဲစားကုမ္ပဏီများ သာဖြစ်သည်။

Trading လုပ်လျှင်မြန်မြန်သူဌေးဖြစ်လွယ်သည်ဆိုသောအယူအဆမှာ မမှန်ပါ။ Online မှာရေးသားထားသည့်ခန့်မှန်းချက်များကိုကြည့်ပြီး Buy နှင့် Sell ခလုတ်ကိုနှိပ်တတ်လျှင် Trading လုပ်၍ရသည်။ သို့သော်အောင်မြင်မှုရမည်မဟုတ်ပါ။ အောင်မြင်မှုရလိုလျှင်ဖတ်မှတ်ရမည်။ သင်ယူရမည်။ လေ့ကျင့်ရလိမ့်မည်။

လူတို့၏ဦးနှောက်ကို Trading တွင်အောင်မြင်မှုရနေသူတို့၏လိုအပ်ချက်နှင့်ပြောင်းပြန်ဖွဲ့စည်းထားသည်။ လူတို့၏မွေးရာပါစဉ်းစားတွေးခေါ်မှုပုံစံများနှင့် Trade လုပ်လျှင်ဆုံးရှုံးလိမ့်မည်ဟုဆိုလိုသည်။ လူဆိုသည်မှာလွယ်လွယ်လိုချင်သည်။ မြန်မြန်လိုချင်သည်။ Trading လောကတွင်လွယ်လွယ်နှင့်မြန်မြန်လိုချင်သူများသည် သားကောင်များ ဖြစ်ကြသည်။ မုဆိုးများသည်က သင်ယူစရာများကိုသင်ယူပြီးစိတ်ရှည်ရှည်ဖြင့်နေရာကောင်းမှစောင့်နေလေတော့သည်။

စိတ်လှုပ်ရှားမှုကိုဖျော်ဖြေဖို့ Trade လုပ်ခြင်းသည်လမ်းမှားဖြစ်သည်။ ဈေးကစားမည်ဆိုလျှင်ပထမဆုံး မိမိမှာစိတ်ချရသည့် Trading System တစ်ခုရှိပြီလားဆိုတာကိုမေးရမည်။

Trading System ဆိုသည်မှာ Trade တစ်ခုကိုမည်သည့်အခါစတင်မည်။ မည်သို့ဝင်မည်။ မည်သို့ထွက်မည်ဟုအတိအကျရေးထားသောအစီအစဉ်တစ်ခုဖြစ်သည်။

ဤစာအုပ်တွင်အဆင့်အတန်းရှိသော Trading System တစ်ခုကိုမြန်မာဘာသာဖြင့်ဖေါ်သည်ချထားပါသည်။ ၎င်း Trading System ကို Elliott Wave ၊ Fibonacci နှင့် Stochastic Indicator တို့ကိုသုံး၍တည်ဆောက်ထားသည်။ တနည်းအားဖြင့်ဆိုလျှင် Price ၊ Pattern နှင့် Momentum တို့ဖြင့်ဖွဲ့စည်းထားသည်။ Pattern ကို Elliott Wave နှင့်ကြည့်သည်။ Price ကို Fibonacci ဖြင့်တိုင်းတာသည်။ Momentum ကို Stochastic ဖြင့်ဆုံးဖြတ်သည်။ တချို့ Elliott Wave သမားများကသူတို့နှင့်မတူလို့ဆိုပြီးဝေဖန်နိုင်သည်။ ဤစနစ်သည် နှစ်ပေါင်းသုံးဆယ်ကျော်အတွေ့အကြုံရှိသော Trader ကြီးတစ်ယောက်၏စနစ်ဖြစ်ပါသည်။ ကျွန်တော်ကမြန်မာဘာသာဖြင့် တဆင့်ပြန်လည်ဝေမျှခြင်းသာဖြစ်သည်။



Elliott Wave ကိုလိုက်စားကြသူအများအပြားရှိသည်။ မြန်မာနိုင်ငံတွင်လည်းရှိသည်။ သို့သော်ထိုသူတို့သည်ဈေးကွက်ကိုအနိုင်ယူဖို့ကြိုးစားမည့်အစား သူတို့၏မှန်းဆချက်များမှန်ကန်ကြောင်းသက်သေပြဖို့ဖက်ကိုပို၍အားသန်ကြသည်။ ဤစာအုပ်ကိုဖတ်၍ Elliott Wave ဆရာကြီးတစ်ယောက်ဖြစ်မလာနိုင်ပါ။ ဤစာအုပ်တွင် Elliott Wave ကိုအသုံးပြု၍ဈေးကွက်ကိုအနိုင်ယူ နည်းကိုသာရေးသားထားပါသည်။

Fibonacci အကြောင်းနှင့်ပတ်သက်၍အနည်းငယ်ပြောစရာရှိပါ သည်။ ဤစာအုပ်တွင် Fibonacci နှင့်ပတ်သက်၍ Concept ကိုသာဖေါ်ပြနိုင်ခဲ့ပါသည်။ စာအုပ်ထူသွားမည်စိုး၍ အသေးစိတ်ကိုမဖေါ်ပြနိုင်ခဲ့ပါ။ ကျွန်တော်ရေးသားခဲ့သော အဆင့်မြင့်ဈေး ကစားနည်းကိုလေ့လာထားလျှင်ကောင်းပါသည်။ အင်္ဂလိပ်စာဖတ်ဖို့အခက်အခဲမရှိပါက Internet မှစာအုပ်တစ်အုပ် Download လုပ်ကာဖတ်လျှင်လည်းရပါသည်။

Momentum Indicator ကို Trade Direction နှင့်အဝင်အထွက်အတွက်အသုံးပြုထားပါသည်။ Momentum Indicator များအထဲမှ Stochastic ကိုအသုံးပြုပါသည်။ Stochastic Indicator အကြောင်းနှင့်ပတ်သက်၍အတော်အတန်ရှင်းလင်းထားပါသည်။ Stochastic ကိုတည်ဆောက်ပုံမှစ၍ ချိန်ညှိပုံ၊ Trade Direction ရှာရာတွင်အသုံးချပုံ၊ Trade အဝင်အထွက်အတွက်အသုံးပြုပုံများကိုရှင်းပြထားပါသည်။

စာရှုသူအနေဖြင့်ဤစာအုပ်ကိုလေ့လာသည့်အခါတစ်ဆင့်ပြီးတစ်ဆင့်လေ့လာဖို့လိုပါလိမ့်မည်။ Elliott Wave ကိုလေ့လာရမည်။ Fibonacci ကိုလေ့လာရမည်။ Stochastic ကိုလေ့လာရမည်။ ထို့နောက်ယင်းတို့အားလုံးကိုပေါင်း၍ Trade လုပ်ပုံကိုလေ့လာရမည်။



ဤစာအုပ်တွင် Trade နှင့်ပတ်သက်၍ Example များကို တစ်ဆင့်ပြီးတစ်ဆင့်ဝေဝေဆာဆာဖေါ်ပြထားပါသည်။ စာမျက်နှာဖြန်းတီးလိုသောရည်ရွယ်ချက်မဟုတ်ပါ။ System ၏ Concept ကိုစာရှုသူများအပြည့်အဝနားလည်စေလိုသောဆန္ဒသာဖြစ်ပါသည်။

စာအုပ်ကိုဖတ်ပြီးလျှင်လည်း Real Trade တန်းမလုပ်ပဲ Demo အကောင့်ဖြင့်ကျွမ်းကျင်အောင်လုပ်သင့်ပါသည်။

Trade လုပ်လျှင်အောင်မြင်သော Trader တစ်ယောက်၏တွေးခေါ်ပုံတွေးခေါ်နည်းကိုသဘောပေါက်ထားဖို့လိုအပ်ပါသည်။ မည်သည့် Trading System ကမှ 100% Winning Rate မရှိပါ။ ထို့ကြောင့်မိမိသုံးမည့်စနစ်ကိုအရင်စမ်းသပ်ဖို့လိုအပ်ပါသည်။ Money Management ကိုပိုင်နိုင်ဖို့လိုသည်။ စိတ်ဓါတ်ကြံ့ခိုင်ဖို့လိုသည်။ ထိုအချက်တို့မပြည့်ဝပဲမည်သည့်ဈေးကစားနည်းစနစ်ကမှအောင်မြင်မှုကိုအာမခံချက်ပေးနိုင်မည်မဟုတ်ပါ။ ထိုအချက်တို့ကိုကောင်းစွာသဘောပေါက်သောသူအတွက်ဤစာအုပ်ပါနည်း စနစ်သည် လက်တွေ့အလုပ်ဖြစ်သောစနစ်တစ်ခုဖြစ်ပါသည်။

ကျော်ဌေး